# ပိန်သူများ ဆေးလိပ် သောက်သုံး ပါက အဆုတ် ကင်ဆာ ရောဂါ ဖြစ်နိုင်ချေ ပိုမို



လေ့လာမှု အရ ကိုယ်ခန္ဓာ ပိန်သွယ်သော သူများ သည့် ဆေးလိပ် သောက်သုံး ပါက ဝသော သူများ ထက် အဆုတ် ကင်ဆာ ရောဂါ ဖြစ်နိုင် ချေ ပိုမို များပြား သည်ကို တွေ့ရှိ ရကြောင်း သိရသည်။ လေ့လာ မှုအား ၁၉၉၃ ခုနှစ် မှ စတင်ကာ ဆေးလိပ် သောက်သုံးသော သက် လတ်ပိုင်း အရွယ် နှင့် သက်ကြီးပိုင်း အရွယ် ခြောက်သောင်း သုံးထောင်ကျော် တို့၏ ခန္ဓာကိုယ် အလေးချိန် အညွှန်းကိန်း(BMI) နှင့် အဆုတ် ရောဂါ ဖြစ်နိုင်သည့် အခြေ အနေ ဆက်စပ် မှုအား စင်ကာပူ အမျိုးသား တက္ကသိုလ် (NUS) မှ သုတေသန ပြုလုပ် ခဲ့သည်။ တစ်နေ့လျှင် ဆေးလိပ် တစ်ဗူး အထိ သောက်သုံးပြီး ခန္ဓာကိုယ် အလေးချိန် အညွှန်းကိန်း (BMI) နှစ်ဆယ့်ရှစ် ရှိသော ဆေးလိပ် သောက်သုံး သူသည် ၄င်းနှင့် သက်တူ ရွယ်တူ ဝဖြိုး သူထက် အဆုတ် ကင်ဆာ ဖြစ်နိုင်ချေ ခြောက်ဆ ပိုမိုသည်ကို လေ့လာ တွေ့ရှိ ခဲ့သည်။ တစ်နေ့လျှင် ဆေးလိပ်တစ်ဗူး သောက်သုံးပြီး ခန္ဓာကိုယ်အလေးချိန် အညွှန်းကိန်း(BMI) နှစ်ဆယ်ရှိသော ပိန်သွယ်သည့်ဆေးလိပ်သောက်သုံးသူသည် ၄င်းနှင့်ခန္ဓာကိုယ်အလေးချိန် အညွှန်းကိန်းတူညီသော ဆေးလိပ်လုံးဝမသောက်သုံးသူနှင့် နှိုင်းယှဉ်ကြည့်ပါက အဆုတ်ကင်ဆာဖြစ်နိုင်ချေ တစ်ဆယ့်တစ်ဆ ပိုမိုသည်ကို တွေ့ရသည်။အဆုတ်ကင်ဆာရောဂါမှာ စင်ကာပူနိုင်ငံတွင် အမျိုးသားထု၌ ဒုတိယအဖြစ်အများဆုံးရောဂါဖြစ်ပြီး အမျိုးသမီးထုတွင် တတိယအဖြစ်အများဆုံး ရောဂါဖြစ်သည်။